ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အမည်**

၁။ ဤစည်းမျဉ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့နှင့်သက်ဆိုင်သော စည်းမျဉ်းဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရသဖြင့် ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျိုးရလဒ်များရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည်။

**ဒါရိုက်တာအဖွဲ့၏ တာဝန်များ**

၄။ ဒါရိုက်တာအဖွဲ့သည်-

(က) ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာမူဝါဒနှင့် ငွေရေးကြေးရေး တည်ငြိမ်ခိုင်မာမှုမူဝါဒကို ချမှတ်ရာတွင် ဆုံးဖြတ်သတ်မှတ်ရမည်။

(ခ) နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို ရွေးချယ်ရာတွင် အစိုးရအဖွဲ့ကို ဗဟိုဘဏ်က အကြံဉာဏ်ပေးရန် ဆုံးဖြတ်ပေးရမည်။

(ဂ) ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်နှင့် လမ်းညွှန်မှုများကို ယင်း၏ လုပ်ပိုင်ခွင့်အတွင်း သတ်မှတ်ရမည်။

(ဃ) ဗဟိုဘဏ်၏ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ဗဟိုဘဏ်၏ ကော်မတီများအားလုံးနှင့် ဒါရိုက်တာအဖွဲ့တို့၏ အစည်းအဝေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးရမည်။

(စ) ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုသတ်မှတ်ပေးရမည်။

(ဆ) ဥက္ကဋ္ဌ၏အဆိုပြုချက်ဖြင့် ဘဏ်တွင်းစာရင်းစစ်ချုပ်နှင့် လိုက်နာမှုစိစစ်ရေး အရာရှိချုပ်တို့အား ခန့်အပ်ရမည်။

(ဇ) ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်များ၏ စရိတ်နှင့် ဝန်ထမ်းများအား လစာပေးချေမှုမူဝါဒ အပါအဝင် ဗဟိုဘဏ်၏အထွေထွေ ဝန်ထမ်းစည်းကမ်းသတ်မှတ်ချက်များ၊ ဝန်ထမ်းများနှင့် ယင်းတို့၏ အကျိုးခံစားခွင့်ဆိုင်ရာနှင့်စပ်လျဉ်းသည့် ဝန်ထမ်းစည်းမျဉ်းအား ချမှတ်ရမည်။

(ဈ) ဗဟိုဘဏ်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုသတ်မှတ်ရမည်။

(ည) ဗဟိုဘဏ်၏ နှစ်ချုပ်အစီရင်ခံစာ၊ အခြားပုံမှန်အစီရင်ခံစာများနှင့် ငွေရေးကြေးရေး ရှင်းတမ်းများကိုလည်း အတည်ပြုရမည်။

(ဋ) ဗဟိုဘဏ်၏ မြေဝယ်ယူခြင်း၊ ဂရန်ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရုံးအဆောက်အအုံ၊ အရာထမ်း အမှုထမ်းနေအိမ်များ ဆောက်လုပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား အတည်ပြုဆုံးဖြတ်ပေးရမည်။

(ဌ) ပင်စင်အကျိုးခံစားခွင့်များကို လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ပင်စင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား အခြေခံ၍ ဗဟိုဘဏ်နှင့်သင့်လျော်သော ပင်စင်အမျိုးအစားများ၊ ခွင့်ပြုငွေနှုန်းထားများ၊ ဆက်ခံခွင့်များ၊ ဆုကြေးအမျိုးအစားများနှင့် အခြားခံစားခွင့်များကို သတ်မှတ်ပေးရမည်။

**လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း**

၅။ (က) ဥက္ကဋ္ဌသည် ဗဟိုဘဏ်၏ နေ့စဉ်လုပ်ငန်းများစီမံခန့်ခွဲခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို တာဝန်ခံရမည်။

(ခ) ဥက္ကဋ္ဌသည် ဗဟိုဘဏ်၏ လုပ်ငန်းများဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသည့် အသုံးစရိတ်များအားလုံးကို ပေးချေရန်အလို့ငှာ ဗဟိုဘဏ်၏ ရန်ပုံငွေများသုံးစွဲခြင်းကို တာဝန်ခံဆောင်ရွက်ရမည်။

**အမှုဆောင်ကော်မတီ**

၆။ (က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများပါဝင်သော အမှုဆောင်ကော်မတီတစ်ရပ်ထားရှိရမည်။

(ခ) ထို့အပြင် ဤစည်းမျဉ်းအရ ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်များနှင့် တာဝန်များအရ အမှုဆောင်ကော်မတီသည်-

(၁) ဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော ဗဟိုဘဏ်၏ ငွေကြေးမူဝါဒများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာမူဝါဒများ၊ ငွေရေးကြေးရေးတည်ငြိမ်ခိုင်မာမှု မူဝါဒများနှင့် အခြားမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ရယူဖြည့်တင်းခြင်း၊ ဗဟိုဘဏ်၏ ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များခန့်ထားခြင်းအပါအဝင် ဗဟိုဘဏ်၏စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ပေးခြင်း။

**ငွေကြေးမူဝါဒကော်မတီ**

၇။ (က) ဒါရိုက်တာအဖွဲ့သည် ငွေကြေးမူဝါဒကော်မတီကို ဖွဲ့စည်းရမည်။ ယင်းကော်မတီတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင် သုံးဦးနှင့် ဗဟိုဘဏ်၏ သက်ဆိုင်ရာဌာနမှ အရာရှိနှစ်ဦးပါဝင်ရမည်။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး ဥက္ကဋ္ဌမရှိသည့်အခါ ကော်မတီဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦးက ကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက် ရမည်။

(ခ) ငွေကြေးမူဝါဒကော်မတီသည် ဒါရိုက်တာအဖွဲ့မှချမှတ်ပေးသည့် ဗဟိုဘဏ်ကကျင့်သုံး မည့် ငွေကြေးမူဝါဒအား မည်သို့မည်ပုံအသုံးချဆောင်ရွက်မည်ကို သတ်မှတ်ရမည်။ ငွေကြေးမူဝါဒကို အကျိုးသက်ရောက်မှုရှိစေနိုင်သော အရေးကြီးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီ၏ ရပ်တည်ချက်ကို လက်ခံအတည်ပြုပေးရန်အတွက် ကော်မတီသည် ဒါရိုက်တာအဖွဲ့သို့ တင်ပြရမည်။

(ဂ) ငွေကြေးမူဝါဒကော်မတီသည် ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အတွက် လိုအပ်ပါက အခါအားလျော်စွာ အစည်းအဝေးခေါ်ယူရမည်။ အစည်းအဝေး၌ ဆုံးဖြတ်သည့် ယင်းတို့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အစီရင်ခံစာအား ဒါရိုက်တာအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

(ဃ) ကော်မတီအစည်းအဝေးအထမြောက်ရန်အတွက် အဖွဲ့ဝင်ငါးဦး အနည်းဆုံးရှိရမည် ဖြစ်ပြီး တစ်ဦးမှာ ဥက္ကဋ္ဌဖြစ်ရမည်၊ ဥက္ကဋ္ဌမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌရှိရမည်။

(င) ကော်မတီသည် အစည်းအဝေး၌ ဆွေးနွေးရန် တင်ပြထားသည့်ကိစ္စရပ်များနှင့် သတ်မှတ်ဆုံးဖြတ်ချက်များကို မှတ်တမ်းပြု သိမ်းဆည်းထားရမည်။

**စာရင်းစစ်ကော်မတီ**

၈။ (က) ဒါရိုက်တာအဖွဲ့သည် စာရင်းစစ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြင်ပမှဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဥက္ကဋ္ဌ

(၂) ဘဏ်တွင်းစာရင်းစစ်ချုပ် အဖွဲ့ဝင်

(၃) ဒါရိုက်တာအဖွဲ့ကရွေးချယ်ပေးသော အခြားပုဂ္ဂိုလ်တစ်ဦး အဖွဲ့ဝင်

(ခ) ဒါရိုက်တာအဖွဲ့သည် စာရင်းစစ်ကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) စာရင်းစစ်ကော်မတီသည် အမှုဆောင်အရာရှိဖြစ်သော ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်များနှင့် ဗဟိုဘဏ်၏ သက်ဆိုင်ရာဝန်ထမ်းများအား ကော်မတီအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

(ဃ) စာရင်းစစ်ကော်မတီအနေဖြင့် အောက်ပါရည်ရွယ်ချက်များ ထားရှိဆောင်ရွက်ရမည်-

(၁) ငွေရေးကြေးရေးဆိုင်ရာရှင်းတမ်းများပြည့်စုံမှု ရှိ/မရှိကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ဗဟိုဘဏ်၏ငွေရေးကြေးရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် သက်ဆိုင်သည့် တရားဝင်ကြေညာချက်တစ်ရပ်ရပ်အား ပြုလုပ်ခြင်း၊

(၂) ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းတာဝန်များ ထိရောက်မှုရှိ/မရှိကို စောင့်ကြပ်ကြည့်ရှုသုံးသပ်ရန်နှင့် ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်နိုင်မှုကို အားကောင်းလာစေရန် ဆောင်ရွက်ခြင်း၊

(၃) ဆုံးရှုံးနိုင်မှုအခြေအနေစီမံခန့်ခွဲခြင်း၊ ဘဏ်တွင်းထိန်းချုပ်ကွပ်ကဲမှုနှင့် စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အရည်အသွေးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(၄) စာရင်းစစ်ဆေးခြင်းမဟုတ်သည့် လုပ်ငန်းများအပါအဝင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်၍ မူဝါဒအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊

(၅) ဗဟိုဘဏ်၏ စာရင်းစစ်ဆေးရာတွင် လွတ်လပ်မှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ထိရောက်မှုရှိ/မရှိကို စောင့်ကြပ်ကြည့်ရှုသုံးသပ်ခြင်း၊

(၆) မူပိုင်းဆိုင်ရာ နှင့် ကျင့်ဝတ်အခြေခံသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်မှု ရှိ/မရှိအား စောင့်ကြပ်ကြည့်ရှုခြင်း။

(င) စာရင်းစစ်ကော်မတီသည် ဒါရိုက်တာအဖွဲ့သို့ အနည်းဆုံး သုံးလလျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

## ဒါရိုက်တာအဖွဲ့အစည်းအဝေးများနှင့် အစည်းအဝေးအစီအစဉ်များ

၉။ (က) ဒါရိုက်တာအဖွဲ့သည် ယင်း၏ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက ဗဟိုဘဏ် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် အများစု၏ဆန္ဒဖြင့် အထူးအစည်းအဝေး ပြုလုပ်နိုင်သည်။

(ခ) ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ အရာရှိတစ်ဦးအား ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်များအား တာဝန်ခံအဖြစ် ထမ်းဆောင်ရန် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးဟု သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးသည် အစည်းအဝေး ကျင်းပနိုင်ရန် အောက်ပါတို့ကို စီစဉ်ဆောင်ရွက် ပေးရမည်-

(၁) ဒါရိုက်တာအဖွဲ့ ပုံမှန်အစည်းအဝေးများကို ပြက္ခဒိန်နှစ်၏အစတွင် ဒါရိုက်တာအဖွဲ့မှ ကြိုတင်သတ်မှတ်ထားသော ပုံမှန်အစည်းအဝေးကျင်းပရန် အချိန်ဇယားအတိုင်း စီစဉ်ကျင်းပပေးရမည်။

(၂) ဒါရိုက်တာအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြားပြီးမှ ကျင်းပရမည်။

(၃) အရေးပေါ်အခြေအနေကြောင့် အထူးအစည်းအဝေးများ ကျင်းပရသည့် ကိစ္စရပ်တွင် ခုနစ်ရက် ကြိုတင်အကြောင်းကြားရန်မလိုဘဲ အစည်းအဝေး ကျင်းပနိုင်သည်။

## ဒါရိုက်တာအဖွဲ့ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် အနည်းဆုံးဦးရေ

၁၀။ (က) ဒါရိုက်တာအဖွဲ့အစည်းအဝေးအထမြောက်ရန်အတွက် အနည်းဆုံး ဒါရိုက်တာအဖွဲ့၏ အဖွဲ့ဝင်ဦးရေ ထက်ဝက်တက်ရောက်ရမည်။

(ခ) အထက်ပါလိုအပ်ချက်အပြင် အမှုဆောင်အရာရှိ ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦးနှင့် အမှုဆောင်အရာရှိ မဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး အနည်းဆုံး ပါဝင်တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ ပုံမှန်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေး ကျင်းပသည့် မည်သည့်အကြိမ်တွင်မဆို အစည်းအဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေ တက်ရောက်ခြင်းမရှိသည့်အခါ ဒါရိုက်တာအဖွဲ့အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌက အစည်းအဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေကို အလေးထားရန်မလိုဘဲ ထူးခြားသည့်အခြေအနေပေါ်မူတည်၍ ဆန္ဒမဲပေးဆုံးဖြတ်နိုင်သည်။

(ဃ) အစည်းအဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေ အပြည့်အဝတက်ရောက်သည့် အနီးဆုံး ဒါရိုက်တာအဖွဲ့ပုံမှန်အစည်းအဝေးတွင် ထူးခြားသည့်အခြေအနေကြောင့် ဆန္ဒမဲပေး၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အား အတည်ပြုလက်မှတ်ရေးထိုးရမည်။

**ဒါရိုက်တာအဖွဲ့အစည်းအဝေး၏ သဘာပတိ**

၁၁။ (က) ဒါရိုက်တာအဖွဲ့အစည်းအဝေးများတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမရှိသည့်အခါ ဥက္ကဋ္ဌတာဝန် ခေတ္တယူထားသည့် ဒုတိယဥက္ကဋ္ဌက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် ခေတ္တဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည့် ဒုတိယဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများအတွက် အစည်းအဝေးအစီအစဉ်အားဆုံးဖြတ်ရမည်။ ယင်းကိစ္စကို ဒါရိုက်တာအဖွဲ့ဝင်များအား ကြိုတင်အကြောင်းကြားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့အစည်းအဝေးတိုင်း၏အစ၌ပင် အဆိုပါအစည်းအဝေး၏ အစည်းအဝေးအစီအစဉ်ကို ဒါရိုက်တာအဖွဲ့က ဦးစွာအတည်ပြုချမှတ်ရမည်။

**ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း**

၁၂။ (က) ဒါရိုက်တာအဖွဲ့ဝင်တိုင်း တစ်ဦးလျှင် မဲတစ်မဲ ပေးပိုင်ခွင့်ရှိသည်။

(ခ) ဒါရိုက်တာအဖွဲ့အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ချက်တစ်ခုချမှတ်ရာ၌ အစည်းအဝေးတက်ရောက်သော ဒါရိုက်တာအဖွဲ့ဝင်အများစု၏ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဂ) မဲအရေအတွက်တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဃ) ဆွေးနွေးခြင်းများနှင့် ဆန္ဒမဲပေးခြင်းကို ဆက်သွယ်ရေးနည်းပညာသုံးကိရိယာဖြင့် ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် စာဖြင့်ရေးသားဆွေးနွေးခြင်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ဆွေးနွေးခြင်း သို့မဟုတ် ကိုယ်စားလှယ်ဖြင့် မဲပေးခြင်းကို ဒါရိုက်တာအဖွဲ့က စီစဉ်ဆောင်ရွက်ထားသည့် အထူးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(င) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး၏ အကျိုးစီးပွားပဋိပက္ခဖြစ်လာနိုင်ခြေရှိသော သို့မဟုတ် အကျိုးစီးပွားပဋိပက္ခဆိုင်ရာ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ အစည်းအဝေး မစတင်မီ အစည်းအဝေးသဘာပတိက အဆိုပါကိစ္စကိုဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာရမည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါ ဒါရိုက်တာအဖွဲ့ဝင်သည် ဝင်ရောက်ဆွေးနွေးခြင်းနှင့် မဲပေးခြင်းမပြုရ။

(စ) အဆိုပါ အကျိုးစီးပွားပဋိပက္ခအား ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးတွင် ဝင်ရောက်ဆွေးနွေးခြင်းနှင့် မဲပေးခြင်းမပြုသည့် ဒါရိုက်တာအဖွဲ့ဝင်အား အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် အဖွဲ့ဝင်စာရင်းတွင်ပါဝင်သကဲ့သို့ မှတ်ယူရမည်။

**ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သူများ အစည်းအဝေးတက်ရောက်ခြင်း**

၁၃။ အစည်းအဝေးသဘာပတိသည် ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သူများ အစည်းအဝေးတက်ရောက်ခြင်းကို ခွင့်ပြုနိုင်သည်။ သို့သော် အဆိုပါတက်ရောက်သူများသည် မဲပေးခြင်းမပြုရ။

**ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းများ**

၁၄။ (က) ဒါရိုက်တာအဖွဲ့အစည်းအဝေး တစ်ခုချင်းစီ၏ မှတ်တမ်းများကို ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးက ပြုစုထိန်းသိမ်းရမည်။

(ခ) ဒါရိုက်တာအဖွဲ့အစည်းအဝေးတစ်ခုချင်းစီ၏ မှတ်တမ်းများကို ဒါရိုက်တာအဖွဲ့အစည်းအဝေး၏ သဘာပတိနှင့် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားရမည်။

(ဂ) အစည်းအဝေးကျင်းပစဉ်အတွင်း ဒါရိုက်တာအဖွဲ့ဝင်များမှ ယင်းတို့၏သဘောမတူကြောင်း ဆွေးနွေးချက်ကို တရားဝင်တင်ပြခြင်းမရှိပါက ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တက်ရောက်သော ဒါရိုက်တာအဖွဲ့ဝင်များမှ အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအားလုံးကို သဘောတူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းကို ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပြန်ရမည်။

**လျှို့ဝှက်ချက်ထားရှိခြင်း**

၁၅။ (က) ဆွေးနွေးဆုံးဖြတ်ချက်များကို ထုတ်ပြန်ရန် တရားဝင်အတည်မပြုမီ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များအားလုံးကို လျှို့ဝှက်ထားရမည်။

(ခ) ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းတွင် ရေးသားထားသော မှတ်တမ်းမှတ်ရာများအားလုံးကို လျှို့ဝှက်ထားရမည်။

**ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်တင်ပြချက်**

၁၆။ (က) ဒါရိုက်တာအဖွဲ့ဝင်များသည် ယင်းတို့နှင့်ယင်းတို့၏ဇနီး/ခင်ပွန်းနှင့်တစ်အိမ်တည်းနေ သားသမီးများ၏ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များကို ဒါရိုက်တာအဖွဲ့သို့ အပြည့်အစုံတင်ပြရမည်။

(ခ) ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်တင်ပြချက်ကို ယခင်ထုတ်ဖော်တင်ပြချက်မှ ထူးခြားပြောင်းလဲသည့်အခါတွင်လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များကို ခန့်အပ်သည့်အချိန်တွင်လည်းကောင်းပြုလုပ်ရမည်။

(ဂ) ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်တင်ပြချက်ကို လိုက်နာမှုမရှိခြင်းသည် မလျော်ကန်သော အပြုအမူဖြစ်သဖြင့် ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပါက ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့၏ သဘောထားမှတ်ချက်ကို နိုင်ငံတော်သမ္မတထံ ပေးပို့နိုင်သည်။

**ဒါရိုက်တာအဖွဲ့၏ ခံစားခွင့်များ**

၁၇။ ဒါရိုက်တာအဖွဲ့သည် အောက်ပါခံစားခွင့်များ ခံစားခွင့်ရှိသည်-

(က) ဗဟိုဘဏ်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်ပြီး ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များဖြစ်၍ ဥက္ကဋ္ဌသည် ဝန်ကြီးအဆင့် ချီးမြှင့်ငွေနှင့် စရိတ်များ၊ ဒုတိယဥက္ကဋ္ဌများသည် ဒုတိယဝန်ကြီးအဆင့် ချီးမြှင့်ငွေနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်များသည် ဗဟိုဘဏ်မှ ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။ ယင်းတို့တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း အဆိုပါချီးမြှင့်ငွေနှင့် စရိတ်များ လျော့နည်းသွားခြင်းမရှိစေရ။

**ဗဟိုဘဏ်တံဆိပ်**

၁၈။ (က) ဥက္ကဋ္ဌသည် ဗဟိုဘဏ်တံဆိပ်ကို လုံခြုံစွာ ထိန်းသိမ်းထားရမည်။

(ခ) ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ မရှိပါက ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး ရှေ့မှောက်၌ ဗဟိုဘဏ်တံဆိပ်ကို ရိုက်နှိပ်ရမည်။

(ဂ) ဗဟိုဘဏ်တံဆိပ်ရိုက်နှိပ်ရန် လိုအပ်သော စာရွက်စာတမ်းများတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (သို့မဟုတ်) ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးတို့က တံဆိပ်ကိုအတည်ပြုပေးရမည်။

**အထွေထွေ**

၁၉။ ယခင်တည်ရှိခဲ့သော ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဤစည်းမျဉ်းဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်